# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၈)၊ အမှတ် (၁၁)

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်


နိုဝင်ဘာလ ၇ ရက်၊ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် "အထူးထုတ်"

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ၁-၁၀-၂၀၂၃ရက်နေ့ ၁၉၀၀ အချိန်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံရုံးသံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြု ညစာစားပွဲကို အတူတကွ သုံးဆောင်ခဲ့ကြပါသည်။

**စာမျက်နှာ(၁၉)သို့**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး "အစဉ်သဖြင့် အဆင်သင့်"**

စာ(၆)သို့

**ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် ပဲခူးမြို့သို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေး(အထူး)တပ်ဖွဲ့ဝင်များ စေလွှတ်မှုပြုလုပ်**

စာ(၈)သို့

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ သင်တန်းသားဗဟိုပြု သင်ကြားရေးနည်းစနစ်နည်းပြ (မွမ်းမံ)သင်တန်းအမှတ်စဉ်(၃/၂၀၂၃) သင်တန်းဆင်းအခမ်းအနားကျင်းပ**

စာ(၁၆)သို့

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Jiangsu ပြည်နယ်၊ Lianyungang မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုညီလာခံ(၂၀၂၃)(Lianyungang ဖိုရမ်)သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ **Jiangsu** ပြည်နယ်၊ **Lianyungang** မြို့ရှိ **Jinlin Haizhou Bayview Conference Center** ၌ ၁၉-၉-၂၀၂၃ ရက်နေ့မှ ၂၁-၉-၂၀၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုညီလာခံ(၂၀၂၃)(**Lianyungang** ဖိုရမ်)သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပါသည်။

၂၀-၉-၂၀၂၃ ရက်နေ့တွင် ပြုလုပ်ခဲ့သော ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီး **Mr.Wang Xiaohong** တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပြီး ညီလာခံအား အပိုင်း(၄)ပိုင်းခွဲ၍ ကမ္ဘာ့လုံခြုံရေးအပေါ် ကြိုတင်ခန့်မှန်းခြင်း၊ ပြည်သူ့လုံခြုံရေးအတွက် ဘက်စုံထောင့်စုံမှ စုပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ တိုးမြှင့်ပြုလုပ်ခြင်း၊ လုံခြုံမှုရှိခြင်းကြောင့် ရရှိလာသည့် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို မျှဝေခံစားခြင်း စသည့် ခေါင်းစဉ်(၄)ရပ်ဖြင့် ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဗြိတိန်၊ ဆော်ဒီအာရေဗျ၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျီကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အဇာဘိုင်ဂျန်၊ အာမေးနီးယား၊ တူရကီ၊ ဘီလာရုစ်၊ အီရန်၊ မွန်ဂိုလီးယား၊ တောင်ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ နီကာရာဂွာ၊ အာဂျင်တီးနား၊ ပနားမား၊ အီသီယိုပီးယား၊ တောင်အာဖရိက အပါအဝင် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစင်တာ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ စုစုပေါင်း ၅၀ ကျော်မှ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အရာရှိကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ ၅၀၀ ဦးကျော် တက်ရောက်ခဲ့ကြပါသည်။

ညီလာခံအပိုင်း(၂)တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအစဉ်(**GSI**)ပါ ကတိကဝတ်များသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့သော အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရေးနှင့် ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်မစွက်ဖက်စေရေးတို့ပါဝင်သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့် လိုက်လျောညီထွေမှုရှိသဖြင့် အဆိုပါကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအစဉ် (**GSI**)ကို ထောက်ခံကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် **Precursor Chemical** များသည် မြန်မာနိုင်ငံတွင် ထုတ်လုပ်ထွက်ရှိခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံပြင်ပမှ ဝင်ရောက်လာကြခြင်းဖြစ်သဖြင့် နိုင်ငံပေါင်းစုံမှ ပူးပေါင်းတားဆီးကြရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သူများ၊ ပြည်တွင်း/ပြည်ပဂိုဏ်းအဖွဲ့များနှင့် ပူးပေါင်းကျူးလွန်သူများကို ဖမ်းဆီးနိုင်မှသာ မူးယစ်ဆေးဝါးအန္တရာယ် အမြစ်ပြတ်သည်အထိ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အိမ်နီးချင်းနိုင်ငံများအကြား၊ ဒေသတွင်းနိုင်ငံများအကြား၊ ကမ္ဘာ့နိုင်ငံများအကြား သတင်းဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ(**Artificial Intelligence**)နှင့် **Chat GPT** ကဲ့သို့ ဘာသာစကားဆိုင်ရာ နည်းပညာအသစ်များကို **Online Scam Center** များတွင် အသုံးချနေကြကြောင်း၊ **Online Scam** နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်း များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များနှင့် သက်ဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီများအကြား လေးလေးနက်နက် ပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်းအချက်အလက် ကျယ်ကျယ်ပြန့်ပြန့် မျှဝေဖလှယ်ရန် လိုအပ်ပါကြောင်း၊ လူကုန်ကူးသည့်လမ်းကြောင်းများ၊ ငွေကြေးလွှဲပြောင်းလက်ခံမှုများ သို့မဟုတ် ပြစ်မှုကျူးလွန်ပုံကျူးလွန်နည်းများစသည့် သတင်းအချက်အလက်များဖလှယ်ခြင်းဖြင့် လူတစ်ဦးချင်းစီကို ခေါင်းပုံဖြတ်ခံရခြင်းမှ အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ငြိမ်းချမ်းရေးတက္ကသိုလ်(**IEP**)က ထုတ်ဝေသော ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုညွှန်းကိန်းအစီရင်ခံစာ(၂၀၂၃)အရ အကြမ်းဖက်အုပ်စုများသည် မောင်းသူမဲ့ယာဉ်များ (**Drones**)ကို အသုံးပြုလာကြသည်ဟု ဖော်ပြပါရှိပါကြောင်း၊ အကြမ်းဖက်သမားများက **Drone** များ အသုံးပြုလာမှုသည် အနာဂတ်တွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ဒုစရိုက်သမားများနှင့် ဒုစရိုက်ဂိုဏ်းများ၏ လက်တွင်းသို့ **Drone** အပါအဝင် စွမ်းအားမြင့်လက်နက်များ မရောက်ရှိစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ တိုးမြှင့်မှုကို နယ်စပ်ဒေသ ထိန်းချုပ်ရေး အစီအစဉ်များ ခိုင်မာအားကောင်းစေခြင်းမှတစ်ဆင့်

**စာမျက်နှာ (၁၉)သို့**

## တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်အစိုးရအဖွဲ့၊ ဒုတိယဝန်ကြီးနှင့် ဟူနန်ပြည်နယ်ရဲတပ်ဖွဲ့မှူး Mr.Wang Yi Ou (ဝမ်ယီအုံ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပိုလ်ချုပ် တိုးရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နေပြည်တော်၌ လက်ခံတွေ့ဆုံ



မြန်မာနိုင်ငံသို့ အလုပ်သဘော အလည်အပတ်ခရီး လာရောက်သည့် တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်အစိုးရအဖွဲ့၊ ဒုတိယဝန်ကြီးနှင့် ဟူနန်ပြည်နယ်ရဲတပ်ဖွဲ့မှူး **Mr.Wang Yi Ou** (ဝမ်ယီအုံ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပိုလ်ချုပ် တိုးရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ၁၉-၉-၂၀၂၃ ရက်နေ့ ၁၀၀၀ အချိန်တွင် နေပြည်တော်ရှိ **Horizon Lake View** ဟိုတယ်၌ တွေ့ဆုံခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲပိုလ်ချုပ် အောင်အောင်နှင့် အဆင့်မြင့်ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ ရဲတပ်ဖွဲ့များအကြား နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ဆိုက်ဘာမှုခင်းနှင့် ဆက်သွယ်ရေးအသုံးပြုလိမ်ညာမှုများ တိုက်ဖျက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အတွက် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

## စစ်ကြောင်းကြီး (၅)ကြောင်းဖြင့် ကွင်းဆင်း၍ ပြည်သူ့ဝန်ဆောင်မှုများပေးခြင်း

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ကော့စိန်ဘန်အထက်ကျေးရွာရှိ အ.မ.က ကျောင်း၌ ၃၀-၉-၂၀၂၃ ရက်နေ့၊ ၁၃၀၀ အချိန်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးထင် (မြို့နယ်အုပ်ချုပ်ရေးမှူး) သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စစ်ကြောင်းကြီး(၅)ကြောင်းဖြင့် ကွင်းဆင်းပြီး ပြည်သူ(၁၂၆)ဦးအား ဝန်ဆောင်မှုပေးခြင်း၊ အသိပညာပေးဆွေးနွေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## နိုင်ငံ့စီးပွားမြှင့်တင်ရေး MSMEs လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး



ရှမ်းပြည်နယ်၊ တန့်ယန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ၉-၁၀-၂၀၂၃ ရက်နေ့၊ ၁၀၀၀ အချိန်တွင် ရပ်ကွက်အတွင်းရှိ **MSMEs** လုပ်ငန်းများဖြစ်သော နဂါးနီတိုင်းရင်းဆေးလုပ်ငန်းနှင့် ဆင်လင်းအောင်တိုင်းရင်းဆေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းများ လည်ပတ်ထုတ်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ရှိ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးအပ်ပွဲ




ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ၂၇-၉-၂၀၂၃ရက်နေ့၊ ၁၄၀၀ အချိန်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)ရှိ ဝန်ထမ်းများအား အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၅၅၉)ဦးအား တစ်ဦးလျှင် ဆန်(၃)ပြည်၊ ဆီ(၅၅)ကျပ်သား၊ ကြက်ဥ (၁၀)လုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၉,၂၅၁,၄၅ဝိ/- (ကျပ်ကိုးဆယ့်နှစ်သိန်းငါးသောင်းတစ်ထောင့် လေးရာငါးဆယ်)ခန့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပေါင်းလောင်းရေလှောင်တမံအတွင်းရေဝင်ရောက်မှုအခြေအနေနှင့် တမံကြံ့ခိုင်မှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေသည် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဇေယျာသီရိခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် အတူ ၉-၁၀-၂၀၂၃ ရက်နေ့၊ ၁၅၀၀အချိန်တွင် မိုးရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုများ မဖြစ်ပေါ်စေရေးအတွက် ပေါင်းလောင်း ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် တမံကြံ့ခိုင်မှု အခြေအနေ တို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၆-၁၀-၂၀၂၃ ရက်နေ့၊ ၁၂၃၀ အချိန်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အရာထမ်း/အမှုထမ်းဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ထံသို့ ကျောက်ကြီးမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများဖြစ်သည့် လက်ဖက်၊ ငါးနီတူခြောက်ကြော်၊ မြေပဲ၊ ဂျုံးမြစ်၊ ပဲပုတ်ကြော်ဘူး (၆၅)ဘူး စုစုပေါင်းတန်ဖိုးငွေ ၆၅၀,၀၀ဝိ/-(ကျပ်ခြောက်သိန်း ငါးသောင်းတိတိ) အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုအားပေး

ချင်းပြည်နယ်၊ တီးတိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း (ခရိုင်အုပ်ချုပ်ရေးမှူး)သည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ၂၀-၉-၂၀၂၃ ရက်နေ့၊ ၀၇၀၀ အချိန်တွင် တီးတိန်မြို့နယ်၊ ပြည်သူ့ဆေးရုံ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုအားပေး



စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ၉-၉-၂၀၂၃ ရက်နေ့၊ ၀၈၀၀ အချိန်တွင် မော်လိုက်မြို့၊ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) ထိုးနှံနေမှုအခြေအနေအား ကြည့်ရှုအားပေး

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ အ.မ.က(၂)၊ ဗဟိုကွက်သစ်ကျောင်း၌ ၁၉-၉-၂၀၂၃ ရက်နေ့၊ ၀၉၀၀အချိန်တွင် အသက် (၉)နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သော မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကျော် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး



မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေဒါး သာစည်ကျေးရွာအုပ်စု၊ ရွှေဒါးဈေး၌ ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုအခြေအနေအား ၁၂-၉-၂၀၂၃ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း (ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## (၁၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# အစဉ်သဖြင့် အဆင်သင့်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပင်မကျောရိုးသဖွယ် တည်ရှိနေသည့် ဌာနတစ်ခုဖြစ်ပါသည်။ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်၊ ပါတီစုံဒီမိုကရေစီခေတ် အစရှိသည့် ခေတ်စနစ်အမျိုးမျိုးတွင် ဤဌာနသည် အမည်အမျိုးမျိုး၊ ဖွဲ့စည်းပုံအမျိုးမျိုးဖြင့် အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

ဌာနတိုင်း၊ အဖွဲ့အစည်းတိုင်းတွင် နှစ်ပတ်လည်နေ့ဟူ၍ သတ်မှတ်ထားလေ့ရှိကြပြီး နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများကိုလည်း အလေးထားကာ ကျင်းပလေ့ရှိကြပါသည်။ မိမိတို့ဌာနသည် တိုင်းပြည်၏ ရှည်လျားလှသော သမိုင်းကြောင်းတစ်လျှောက်တွင် များပြားလှသည့် အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်ဖြစ်ရာ မည်သည့်နေ့ကို နှစ်ပတ်လည်နေ့ဟု သတ်မှတ်ရမည့်ကိစ္စမှာလည်း နက်နဲသည့်ကိစ္စတစ်ခုအဖြစ် တည်ရှိနေခဲ့ပါသည်။ အဆုံးတွင် မိမိတို့ဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအမည် စတင်သတ်မှတ်ခဲ့သည့် နိုဝင်ဘာလ (၇)ရက်နေ့ကိုပင် ဌာနနှစ်ပတ်လည်နေ့အဖြစ် ရိုးရှင်းစွာသတ်မှတ်နိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၇-၁၁-၁၉၈၈)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄/၈၈)ဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ အထွေထွေဦးစီးဌာနကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟူ၍ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ နှစ်စဉ်နိုဝင်ဘာလ (၇)ရက်နေ့တိုင်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။

နှစ်ပတ်လည်နေ့ရောက်သည့်အခါတိုင်းတွင် လွန်ခဲ့သည့်နှစ်များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီး ရှေ့လာမည့်နှစ်များတွင် စိတ်သစ်၊ လူသစ်ဖြင့် အားသစ်လောင်း၍ ကောင်းသည်ထက် ကောင်းအောင် ဆောင်ရွက်နိုင်ကြစေရန် အသင့်ပြင်ဆင်ကြရမည် ဖြစ်ပါသည်။ ယင်းအပြင် နှစ်ပတ်လည်နေ့ကိုဂုဏ်ပြုသည့်အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုခြင်းစသည့်လုပ်ငန်းများကိုလည်း အနှစ်သာရပြည့်ဝစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းစဉ်များသည် "လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားရမည်"ဟူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် ထပ်တူကျနေရာ မိမိတို့ထမ်းဆောင်ရသည့် တာဝန်သည် မည်မျှကြီးမား၍ မည်မျှလေးနက်ကြောင်းကို သတိပြုမိကြရန်လိုအပ်ပါသည်။

မိမိတို့ဌာနဝန်ထမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၈၈)ပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်သမ္မတရုံး၏ (၃၀-၃-၂၀၁၁)ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၁၁)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၃-၂-၂၀၂၁)ရက်စွဲပါအမိန့်အမှတ် (၁၈/၂၀၂၁၊ ၁၉/၂၀၂၁)တို့အရ ခရိုင်နှင့်မြို့နယ်တို့၏ စီမံအုပ်ချုပ်ရေးတာဝန်များကို တာဝန်ခံဆောင်ရွက်ရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၆၀)၊ (၂၈၃)နှင့် (၂၈၇)တို့အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုနေရသူများဖြစ်ပါသည်။ သို့ဖြစ်လေရာ နိုင်ငံတော်ကချမှတ်သည့် ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် တာဝန်မှာ မိမိတို့ဌာနမှဝန်ထမ်းများ၏ ပုခုံးပေါ်၌ကျရောက်နေကြောင်း သိသာထင်ရှားပါသည်။

ကြီးလေးသည့်တာဝန်များကို ထမ်းဆောင်နေရသူများဖြစ်သဖြင့် လုပ်ငန်းတာဝန်မှန်သမျှကို အလေးအနက်ထား၍ ထမ်းဆောင်ရန်အရေးကြီးပါသည်။ "ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တရားရေးမဏ္ဍိုင်တို့သည် အဓိကအရေးကြီးကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကဆောင်ရွက်နေရသူများသည် စွမ်းရည်ရှိသည့်ပုဂ္ဂိုလ်များဖြစ်ရန်လိုကြောင်း" နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ပါသည်။ စွမ်းရည်ရှိသည့်ပုဂ္ဂိုလ်များဖြစ်လာစေရန်ကိစ္စမှာ သာမန်ကြိုးစားအားထုတ်မှုမျှဖြင့် လုံလောက်မည်မဟုတ်ဘဲ အထူးကြိုးစားအားထုတ်မှုများ၊ အထူးလေ့လာသင်ယူမှုများ လိုအပ်နေမည်ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် လက်ရှိအချိန်တွင် အရေးကြီးနေသကဲ့သို့ ခေတ်တိုင်းစနစ်တိုင်းတွင်လည်း အရေးပါနေဦးမည်ဖြစ်ပါသည်။

မိမိတို့ဌာနသည် မြေယာစီမံခန့်ခွဲခြင်းလုပ်ငန်း၊ ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်း၊ အခွန်(၄)မျိုး ကောက်ခံခြင်းလုပ်ငန်း၊ မြို့နှင့်ကျေးရွာများ စနစ်တကျဖွဲ့စည်းရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ အသင်းအဖွဲ့များဥပဒေနှင့်အညီ မှတ်ပုံတင်ရေးလုပ်ငန်း၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းလုပ်ငန်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာလုပ်ငန်းများ စသည့်ဌာန၏ ပင်မလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ၊ ပြည်ထဲရေးဝန်ကြီးဌာနကပေးအပ်သည့် လုပ်ငန်းတာဝန်များ၊ အခြားဝန်ကြီးဌာနများက ပေးအပ်သည့်လုပ်ငန်းတာဝန်များ အစရှိသဖြင့် များပြားသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည်ဖြစ်ရာ ဆောင်ရွက်သည့်လုပ်ငန်းတိုင်းသည် "နိုင်ငံတော်မူဝါဒလိုက်နာရေး၊ အခြေခံသဘောတရားနှင့်ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေး" ဟူသည့် အရေးသုံးပါးနှင့် ညီညွတ်နေရန် အရေးကြီးပါသည်။

နိုင်ငံတော်၏ အရေးပေါ်အခြေအနေကာလတွင် တိုင်းရင်းသားပြည်သူများအတွက် မရှိမဖြစ်လိုအပ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆိုင်ရာလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ဌာနဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီတိုင်း၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဌာနအနေဖြင့် အသိအမှတ်ပြု၊ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း

**စာမျက်နှာ(၇)သို့**

## မိုးစပါးစံပြစိုက်ခင်း ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်



ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ သဲကုန်းကျေးရွာအုပ်စု၌ ၄-၁၀-၂၀၂၃ ရက်နေ့၊ ၁၃၃၀ အချိန်တွင် မိုးစပါးစံပြစိုက်ခင်း ရိတ်သိမ်းပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး (ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပါသည်။ အဆိုပါ မိုးစပါးစံပြစိုက်ခင်း (၂၀)ဧကအနက်မှ (၆)ဧကကို စမ်းသပ်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးတင်း (၁၁၈.၅၉)တင်း ထွက်ရှိခဲ့ပြီး ယခင်နှစ်ကထက် စပါးတင်း (၂၀)တင်း ပိုမိုထွက်ရှိခဲ့ကြောင်း သတင်းရရှိပါသည်။

## အစဉ်သဖြင့် အဆင်သင့်...မှ

ထိခိုက်ကျဆုံးခဲ့ရသူများ၏ စွန့်လွှတ်အနစ်နာခံမှုများကိုလည်း ထာဝရအောက်မေ့သတိရနေမည်ဖြစ်ပါကြောင်း ဤနှစ်ပတ်လည်အခါသမယတွင် အလေးအနက်ဖော်ပြလိုပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများသည် နိုင်ငံတော်က ကျင့်သုံးဖော်ဆောင်ခဲ့သည့် နိုင်ငံရေးခေတ်၊ စနစ်အမျိုးမျိုးတွင် အုပ်ချုပ်ရေးတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြကြောင်း သမိုင်းသက်သေများပြသခဲ့ကြပြီးဖြစ်ပါသည်။ ရှေးရှေးကတည်ရှိခဲ့သည့် အစဉ်အလာကောင်းများကို မိမိတို့လက်ထက်နှင့် နောင်မျိုးဆက်သစ်များလက်ထက်တွင်လည်း ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ရေတို၊ ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး"မှာ နိုင်ငံတော်၏ ပထမဦးစားပေး ဦးတည်ချက်ဖြစ်ပါသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ်ရုပ်လုံးပေါ်လာမည်ဖြစ်ရာ အုပ်ချုပ်ရေးစနစ်သည်လည်း တည်ရှိလာသည့် နိုင်ငံရေးစနစ်နှင့် အံဝင်ခွင်ကျဖြစ်အောင် ပြောင်းလဲကျင့်သုံးရမည့်သဘောရှိပါသည်။ သို့ဖြစ်လေရာ မိမိတို့ဌာနဝန်ထမ်းများသည် အုပ်ချုပ်ရေးစနစ်များ၏ ပုံစံအမျိုးမျိုးကိုလေ့လာပြီး ယင်းစနစ်များနှင့် ကိုက်ညီသည့်အရည်အချင်းများ ရှိထားနှင့်စေရန် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတွင် အုပ်ချုပ်ရေးဝန်ထမ်းအဆင့်ဆင့်၏ အခန်းကဏ္ဍ၊ ယင်းတို့လုပ်ငန်းနှင့် လုပ်ပိုင်ခွင့်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ စသည်ဖြင့် မိမိတို့လက်လှမ်းမီသမျှ ကြိုတင်လေ့လာပြီး နိုင်ငံတော်က လိုအပ်လာချိန်တွင် အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်မျိုးကိုကျင့်သုံးသည်ဖြစ်စေ အုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်စေရေးအတွက် "အစဉ်သဖြင့် အဆင်သင့်" ရှိနေကြဖို့လိုအပ်ပါကြောင်း သတင်းစကားပါးလိုရင်း ဖြစ်ပေသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင်တည်ရှိသော မီးသတ်စခန်းများနှင့် တယ်လီဖုန်း နံပါတ်များ

| စဉ် | မီးသတ်စခန်း | တည်နေရာ | | တယ်လီဖုန်းနံပါတ် |
|---|---|---|---|---|
| | | မြို့နယ် | မိုင်တိုင်အမှတ် | |
| ၁ | (၁၁)မိုင်အမြန်လမ်းမကြီးမီးသတ်စခန်း | လှည်းကူး | ၀/၀ မှ ၂၃/၄ ထိ | ၀၉-၄၄၄၁၁၁၅၁ |
| ၂ | ဘောနပ်ကြီးအမြန်လမ်းမကြီးမီးသတ်စခန်း | ပဲခူး | ၂၃/၄ မှ ၄၅/၀ ထိ | ၀၉-၄၄၄၁၁၁၅၂ |
| ၃ | ဘောနီအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၄၅/၀ မှ ၆၀/၀ ထိ | ၀၉-၄၄၄၁၁၁၅၃ |
| ၄ | အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၆၀/၀ မှ ၇၆/၀ ထိ | ၀၉-၄၄၄၁၁၁၅၄ |
| ၅ | မြို့ချောင်းအမြန်လမ်းမကြီးမီးသတ်စခန်း | ကျောက်တံခါး | ၇၆/၀ မှ ၁၀၅/၅ ထိ | ၀၉-၄၄၄၁၁၁၅၆ |
| ၆ | ဖြူးအမြန်လမ်းမကြီးမီးသတ်စခန်း | ဖြူး | ၁၀၅/၅ မှ ၁၂၀/၀ ထိ | ၀၉-၄၄၄၁၁၁၅၇ |
| ၇ | ဇော်ဂိကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | အုတ်တွင်း | ၁၂၀/၀ မှ ၁၅၆/၅ ထိ | ၀၉-၄၄၄၁၁၁၅၈ |
| ၈ | သာဂရအမြန်လမ်းမကြီးမီးသတ်စခန်း | ရေတာရှည် | ၁၅၆/၅ မှ ၁၈၅/၂ ထိ | ၀၉-၄၄၄၁၁၁၅၉ |
| ၉ | ပလွေးအမြန်လမ်းမကြီးမီးသတ်စခန်း | ဒက္ခိဏသီရိ | ၁၈၅/၂ မှ ၂၀၅/၅ ထိ | ၀၉-၄၄၄၁၁၁၅၀ |
| ၁၀ | ပန်းတင်အမြန်လမ်းမကြီးမီးသတ်စခန်း | ဥတ္တရသီရိ | ၂၀၅/၅ မှ ၂၂၇/၀ ထိ | ၀၉-၄၄၄၁၁၁၆၀ |
| ၁၁ | ဘုရားတောင်အမြန်လမ်းမကြီးမီးသတ်စခန်း | တပ်ကုန်း | ၂၂၇/၀ မှ ၂၄၂/၀ ထိ | ၀၉-၄၄၄၁၁၁၆၁ |
| ၁၂ | ပေပင်လေးအမြန်လမ်းမကြီးမီးသတ်စခန်း | ပျော်ဘွယ် | ၂၄၂/၀ မှ ၂၇၆/၂ ထိ | ၀၉-၄၄၄၁၁၁၆၂ |
| ၁၃ | သီးကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | မိတ္ထီလာ | ၂၇၆/၂ မှ ၃၁၇/၂ ထိ | ၀၉-၄၄၄၁၁၁၆၃ |
| ၁၄ | ပြင်စည်အမြန်လမ်းမကြီးမီးသတ်စခန်း | နွားထိုးကြီး | ၃၁၇/၂ မှ ၃၃၁/၆ ထိ | ၀၉-၄၄၄၁၁၁၆၄ |
| ၁၅ | စကားအင်းအမြန်လမ်းမကြီးမီးသတ်စခန်း | တံတားဦး | ၃၃၁/၆ မှ ၃၅၈/၁ ထိ | ၀၉-၄၄၄၁၁၁၆၅ |

# ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် ပဲခူးမြို့သို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေး(အထူး)တပ်ဖွဲ့ဝင်များ စေလွှတ်မှုပြုလုပ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၈-၁၀-၂၀၂၃ ရက်နေ့တွင် ပဲခူးမြစ်ရေမြင့်တက်လာပြီး ရေဝင်ရောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်/နယ်မြေ မီးသတ်စခန်းများမှ စုစုပေါင်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် (၁၃၈)ဦးတို့ဖြင့် ရေဘေးသင့်ပြည်သူများကို နီးစပ်ရာဘုန်းတော်ကြီးကျောင်းများနှင့် ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။အဆိုပါမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးသင့်ဒုက္ခသည်များအား အမြန်ဆုံး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တွဲဖက်အင်အားဖြည့်အနေဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေး(အထူး)တပ်ဖွဲ့ဝင်(၃၃)ဦးတို့သည် ရေပြင်ရှာဖွေကယ်ဆယ်ရေးသုံး ရေယာဉ်/ စက်ပစ္စည်းကိရိယာများ၊ ရေပြင်ကယ်ဆယ်ရေးဆိုင်ရာ တစ်ကိုယ်ရည်သုံးဝတ်စုံပစ္စည်းကိရိယာ အပြည့်အစုံဖြည့်တင်းကာ ရေဘေးသင့်ရာဒေသသို့ ၀၉ ၂၀ အချိန်တွင် စတင်ထွက်ခွာသွားကြောင်း သတင်းရရှိပါသည်။



## ပဲခူးမြို့နယ်တွင် ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်/ကျေးရွာများအတွင်း မြစ်ရေများဝင်ရောက်မှုဖြစ်ပွား



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းတွင် ၈-၁၀-၂၀၂၃ ရက်နေ့၊ ၀၅ ၅၅ အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး ပဲခူးမြစ်ရေမြင့်တက်လာမှုကြောင့် ရပ်ကွက်(၁၂)ရပ်ကွက်၊ ကျေးရွာ(၅)ရွာအတွင်း မြစ်ရေများဝင်ရောက်မှုဖြစ်ပွားကြောင်း ၀၆ ၀၀ အချိန် သတင်းရရှိသဖြင့် ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေးသုံးစက်လှေ(၁)စီး၊ ပဲခူးခရိုင်အတွင်းရှိ မီးသတ်စခန်းများမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်(၂)စီး၊ ရှာဖွေကယ်ဆယ်ရေးသုံးစက်လှေ(၃)စီး၊ စုစုပေါင်း မီးသတ်ယာဉ်(၃)စီး၊ အုပ်ချုပ်မှုယာဉ်(၂)စီး၊ ရှာဖွေကယ်ဆယ်ရေးသုံးစက်လှေ(၄)စီး၊ သန္ဓေ(၅၁)ဦး၊ အရန်(၃၀)ဦးတို့ဖြင့် ရပ်ကွက်/ကျေးရွာများအတွင်းရှိ အိမ်ထောင်စု(၂၈၃၃)စု၊ ရေဘေးသင့်ပြည်သူ(၁၁၅၂၉)ဦးတို့အား ဘေးလွတ်ရာဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဘုရားများသို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိပါသည်။

## ပဲခူးမြို့နယ်တွင် ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် မြစ်ရေများဝင်ရောက်သောရပ်ကွက်များတွင် ရွှေ့ပြောင်းကူညီကယ်ဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းတွင် ၁၀-၁၀-၂၀၂၃ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ပဲခူးမြစ်ရေ ဆက်လက်မြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များတွင် မြစ်ရေများဝင်ရောက်မှုဖြစ်ပွားသဖြင့် ၀၇ ၀၀ အချိန်မှ စတင်၍ ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးသုံး စက်လှေ(၂၉)စီး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေး (အထူး)တပ်ဖွဲ့ဝင် (၃၂)ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ သန္ဓေ(၁၆၁)ဦး၊ အရန်(၁၀)ဦးတို့ဖြင့် ရေဘေးရှောင်စခန်းများသို့ စားနပ်ရိက္ခာများပေးဝေခြင်း၊ ရေလိုအပ်သောနေရာများသို့ သောက်သုံးရေလှူဒါန်းခြင်း၊ ရေဘေးရှောင်စခန်းများမှ ပြန်လည်ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## တောင်တွင်းကြီးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်တွင်းကြီး-ပြည်ကားလမ်းဘေးရှိ ရပ်ကွက်များတွင် သစ်ပင်များလဲကျမှုဖြစ်ပွား

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ တောင်တွင်းကြီး-ပြည်ကားလမ်းဘေးရှိရပ်ကွက်များအတွင်း ၂၉-၉-၂၀၂၃ ရက်နေ့၊ ၀၆ ၄၅ အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ပြင်(၁)ရပ်ကွက်ရှိ လုံးပတ်(၂)ပေ အမြင့်(၃၀)ပေခန့်ရှိ မယ်ဇလီပင်(၁)ပင်၊ ရွှေကြာအင်း(၁)ရပ်ကွက်ရှိ လုံးပတ်(၂)ပေ အမြင့်(၅၀)ပေခန့်ရှိ ကုလားပင်ပွန်(၁)ပင်နှင့် ထန်းတောကြီးကျေးရွာရှိ လုံးပတ်(၄)ပေ အမြင့်(၇၀)ပေခန့်ရှိ ထနောင်းပင်(၁)ပင် စုစုပေါင်း သစ်ပင်(၃)ပင်လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားကြောင်း ၀၇ ၀၀ အချိန် သတင်းရရှိသဖြင့် တောင်တွင်းကြီးမြို့နယ်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဓေ(၈)ဦးတို့ဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ မင်းရဲကျော်စွာရပ်ကွက်၊ သုဓမ္မာ(၂)လမ်းတွင်သစ်ပင်များလဲကျမှုဖြစ်ပွား



ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ မင်းရဲကျော်စွာရပ်ကွက်တွင် ၂-၁၀-၂၀၂၃ ရက်နေ့၊ ၀၆ ၅၀ အချိန်ခန့်က မြေပွ၍အမြစ်မခိုင်မာမှုကြောင့် လုံးပတ်(၂)ပေ အမြင့်(၃၅)ပေခန့်ရှိ ကုက္ကိုလ်ပင်သည် နေအိမ်ပေါ်သို့ လဲကျမှုဖြစ်ပွားကြောင်း ၀၇ ၀၀ အချိန် သတင်းရရှိသဖြင့် ဥက္ကံနယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် (၁)စီး၊ သန္ဓေ(၇)ဦးတို့ဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ချောက်မြို့၊ အမှတ်(၁၄)နယ်မြေ၊ စစ်ကွင်းမြောက်ပိုင်းရပ်ကွက်ရှိ သစ်ပင်မှ သစ်ကိုင်းကျိုးကျမှုဖြစ်ပွား

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၄)နယ်မြေတွင် ၂၉-၉-၂၀၂၃ ရက်နေ့၊ ၀၄ ၄၀ အချိန်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် စစ်ကွင်းမြောက်ပိုင်းရပ်ကွက်ရှိ လုံးပတ်(၅)ပေ အမြင့်(၃၀)ပေခန့်ရှိ တမာပင်မှ လုံးပတ်(၃)ပေ အမြင့် (၃၀)ပေခန့်ရှိ တမာကိုင်းသည် အနီးရှိ အိမ်ရှင် ဒေါ်ဝါဝါရွှေ၏ (၂၀×၁၂)ပေ သွပ်မိုး၊ ထရံကာ၊ မြေစိုက်လူနေအိမ်အဖီပေါ်သို့ ကျိုးကျပိမိမှု ဖြစ်ပွားကြောင်း ၀၈ ၄၅ အချိန်သတင်းရရှိသဖြင့် ချောက်မြို့နယ်မီးသတ်စခန်းမှ မီးသတ်စက်ယာဉ်(၁)စီး၊ သန္ဓေ(၈)ဦးတို့ဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု၊ ဖလံတောကျေးရွာအနီး၊ မင်းဘူး-စကုကားလမ်းဘေးတွင် သစ်ကိုင်းလဲကျမှုဖြစ်ပွား



မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု၊ ဖလံတော ကျေးရွာအနီးတွင် ၁-၁၀-၂၀၂၃ ရက်နေ့၊ ၀၈ ၃၅ အချိန်ခန့်က မြေပွ၍ အမြစ်မခိုင်မှုကြောင့် မင်းဘူး-စကုကားလမ်းဘေးရှိ လုံးပတ်(၆)ပေ အမြင့်(၄၀)ပေခန့်ရှိ ဖျောက်ဆိပ်ပင်လဲကျမှုဖြစ်ပွားကြောင်း ၀၈ ၃၇ အချိန် သတင်းရရှိသဖြင့် ပွင့်ဖြူမြို့နယ်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဓေ(၁၁)ဦးတို့ဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ ညောင်ကိုင်းရပ်တွင် သစ်ပင်လဲကျမှုဖြစ်ပွား



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်တွင် ၂-၁၀-၂၀၂၃ ရက်နေ့၊ ၀၈ ၄၅ အချိန်ခန့်က မြေပွ၍ အမြစ်မခိုင်မာမှုကြောင့် ညောင်ကိုင်းရပ်နေ ပိုင်ရှင်ဒေါ်သန်းသန်းဦး၏ နေအိမ်အတွင်းရှိ လုံးပတ်(၈)ပေ အမြင့် (၄၅)ပေခန့်ရှိ တရုတ်မန်ကျည်းပင်သည် လဲကျမှုဖြစ်ပွားကြောင်း ၀၉ ၀၅ အချိန်သတင်းရရှိသဖြင့် မုံရွာမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ သန္ဓေ(၁၂)ဦးတို့ဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ရွှေဘုန်းမြင့်ဘုရားအနီး ဒီပဲယင်းဘုန်းကြီးကျောင်းရှိ နဂါးရုံဘုရားရေကန်တွင် ကျားတစ်ဦးရေနစ်မှုဖြစ်ပွား



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ရွှေဘုန်းမြင့်ဘုရားအနီး ဒီပဲယင်းဘုန်းကြီးကျောင်းတွင် ၂-၁၀-၂၀၂၃ ရက်နေ့၊ ၁၈ ၃၀ အချိန်ခန့်က နဂါးရုံဘုရားရေကန်ထဲသို့ ဦးချစ်ကို (၃၅)နှစ်သည် အရက်သေစာသောက်စားပြီး ရေဆင်းချိုးရာမှ ရေနစ်မှုဖြစ်ပွားကြောင်း ၁၉ ၁၀ အချိန်သတင်းရရှိသဖြင့် မအူပင်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ သန္ဓေ(၈)ဦး၊ အရန်(၅)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ၁၉ ၂၀ အချိန်တွင် ဦးချစ်ကို(သေဆုံး)အား ရှာဖွေတွေ့ရှိခဲ့ပြီး ငြိမ်းချမ်းကမ္ဘာလူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် မအူပင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## သပိတ်ကျင်းမြို့နယ်၊ မိုင်တိုင်အမှတ် (၇/၀)နှင့် (၇/၁)အကြားတွင် မော်တော်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ မိုင်တိုင်အမှတ် (၇/၀)နှင့် (၇/၁)အကြားတွင် ၁-၁၀-၂၀၂၃ ရက်နေ့၊ ၁၄ ၄၅ အချိန်ခန့်က ကျောက်ကြီးကျေးရွာအုပ်စု၊ ကျောက်ကြီးကျေးရွာအနီး မန္တလေးဘက်မှ အင်းတော်ဘက်သို့ ဒီဇယ်(၂၂၀၀)ဂါလန်ခန့်နှင့် အောက်တိန်း ၉၂ (၄၀၀)ဂါလန်ခန့်တင်ဆောင်၍ ယာဉ်မောင်း ဦးကျော်ထူးမောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးဇော်မျိုးဦး လိုက်ပါလာသော ယာဉ်အမှတ် **(MDY-12-5B/6072) Hino** (ဖြူ/ပြာကြားရောင်) (၈)ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဘယ်ဘက်သို့ တိမ်းမှောက်မှုဖြစ်ပွားကြောင်း ၁၅ ၄၅ အချိန်သတင်းရရှိသဖြင့် သပိတ်ကျင်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ သန္ဓေ (၅)ဦး၊ အရန် (၅)ဦးတို့ဖြင့် သွားရောက်ကူညီဆောင်ရွက်ခဲ့ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း(သေဆုံး)၊ ယာဉ်နောက်လိုက် ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား အောင်သုခလူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် သပိတ်ကျင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## သံတွဲမြို့နယ်၊ ငပလီမြို့၊ ပင်လယ်ကမ်းခြေတွင် ကျွဲ၊ နွား အသေကောင်များ ပင်လယ်ဘက်မှ မျောပါလာမှုဖြစ်ပွား

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့တွင် ၂-၁၀-၂၀၂၃ ရက်နေ့၊ ၀၉ ၃၀ အချိန်ခန့်က ပင်လယ်ကမ်းခြေတွင် ကျွဲ၊ နွား အသေကောင်များ ပင်လယ်ဘက်မှ မျောပါလာမှုဖြစ်ပွားကြောင်း ၁၁ ၃၀ အချိန်သတင်းရရှိသဖြင့် သံတွဲမြို့နယ်မီးသတ်စခန်းမှ သန္ဓေ (၆)ဦး၊ ငပလီနယ်မြေမီးသတ်စခန်းမှ သန္ဓေ(၄)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျွဲသေ (၆)ကောင်၊ နွားသေ (၈)ကောင်တို့အား ငပလီကမ်းခြေတွင် မြှုပ်နှံခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျိုက်ထိုမြို့နယ်၊ ကင်းမွန်းချောင်းကျေးရွာအုပ်စု၊ ရသေ့တောင်ယာဉ်ရပ်နားစခန်းအနီး၊ ကျိုက်ထီးရိုးတောင်တက်လမ်းဘေးအောက်တွင် မြေသားနံရံများ အက်ကြောင်းလိုက်နေမှုဖြစ်ပွား



မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်းမွန်းချောင်းကျေးရွာအုပ်စု၊ ရသေ့တောင်ယာဉ်ရပ်နားစခန်းအနီးတွင် ၈-၁၀-၂၀၂၃ ရက်နေ့၊ ၀၉ ၁၅ အချိန်ခန့်က ကျိုက်ထီးရိုးတောင်တက်လမ်းဘေးအောက်တွင် မြေသားနံရံများ အက်ကြောင်းလိုက်မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ကျိုက်ထီးရိုးနယ်မြေ မီးသတ်စခန်းများမှ သန္ဓေ(၄)ဦး၊ အရန်(၅)ဦးတို့သည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သတိပေးအမှတ်အသားများပြုလုပ်ခြင်း၊ ရေစီးကောင်းမွန်စေရေးအတွက် ရေမြောင်းများ ဖောက်လုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကမာရွတ်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ပုဂံလမ်း၊ ခြံအမှတ်(၁၂)ရှိ ကားဂိုဒေါင်တွင် မြွေတစ်ကောင် ဝင်ရောက်မှုဖြစ်ပွား



ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ပုဂံလမ်း၊ ခြံအမှတ်(၁၂)တွင် ၄-၁၀-၂၀၂၃ ရက်နေ့၊ ၀၇ ၁၀ အချိန်ခန့်က ပိုင်ရှင် ဒေါ်သင်းသင်းမြင့်၏ ကားဂိုဒေါင်တံစက်မြိတ်အောက်တွင် လုံးပတ်(၆)ပေ အရှည်(၁၃)ပေခန့်ရှိ စပါးအုံးမြွေ တစ်ကောင်ဝင်ရောက်မှုဖြစ်ပွားကြောင်း ၀၇ ၁၁ အချိန် သတင်းရရှိသဖြင့် ကမာရွတ်မြို့နယ်မီးသတ်စခန်းမှ အုပ်ချုပ်မှု ယာဉ် (၁)စီး၊ သန္ဓေ(၄)ဦးတို့ဖြင့် သွားရောက်ဖမ်းဆီးခဲ့ရာ ၀၇ ၃၀ အချိန်တွင် ဖမ်းဆီးရမိခဲ့ပြီး ဘေးလွတ်ရာသို့သွားရောက်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၅၀ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၂ ကြိမ်၊ ပေါ့ဆမီး ၁၁ ကြိမ်၊ လျှပ်စစ်မီး ၂၉ ကြိမ်၊ မသမာသူရှို့မီး ၂ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၆ ကြိမ်ဖြစ်ပါသည်။ အိမ်ခြေအဆောက်အဦ ၅၁ လုံးတွင် စက်ရုံ/အလုပ်ရုံ ၁ လုံး ၊ ဂိုဒေါင် ၁ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၅၁ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ သေဆုံး ၇ ဦး ၊ ဒဏ်ရာရ ၂၂ ဦးရှိခဲ့ပြီး ငွေကျပ် ၂၉၁ ဒသမ ၇၇၆ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၉ လတာ ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၆၃ ကြိမ်၊ ပေါ့ဆမီး ၃၁၅ ကြိမ်၊ အလိုအလျောက်မီး ၂၂ ကြိမ်၊ လျှပ်စစ်မီး ၃၆၁ ကြိမ်၊ မသမာသူရှို့မီး ၇၄ ကြိမ်၊ တောမီး ၉၄ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၈၅ ကြိမ်၊ မိုးကြိုးပစ် ၄ ကြိမ် ၊ စုံစမ်းဆဲ ၁ ကြိမ် စုစုပေါင်း ၁၁၁၉ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၂၇၃၀ လုံးတွင် စက်ရုံ/အလုပ်ရုံ ၁၆ လုံးနှင့် ဂိုဒေါင် ၁၄၄ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၉၆၅၆ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၆၉ ဦးသေဆုံး၊ ၁၅၅ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၂၉၈၄ သေဆုံးပြီး ငွေကျပ် ၁၆၄၈၉ ဒသမ ၂၈၄ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် “မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး”များသည် အများဆုံး တွေ့ရှိရသော အချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများမဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည်ဖြစ်ပါသည်။ မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများ လဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(Fuse)များကို ဝန်နှင့်အား မျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင်(သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက “ပေါ့ဆမီး”ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် တိုက်ပြိုကျမှု ၂ ကြိမ်၊ တံတိုင်းပြိုကျမှု ၁ ကြိမ်၊ ကမ်းပါးပြိုကျမှု ၅ ကြိမ်၊ မြေပြိုကျမှု ၃ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၅ ကြိမ်၊ ရေကြီးမှု ၁၄ ကြိမ်၊ ယာဉ်တိုက်မှု ၂၁ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၁၃ ကြိမ်၊ ရေနစ်မြုပ်မှု ၈ ကြိမ်၊ ဓာတ်လိုက်မှု ၁ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၄၈ ကြိမ်၊ မတော်တဆထိခိုက်မှု ၂ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၁၀ ကြိမ်၊ ကူညီကယ်ဆယ်ရှင်းလင်းမှု ၇ ကြိမ် စုစုပေါင်း ၁၄၀ ကြိမ်ဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၂၉၃ လုံးတွင် ဒုက္ခသည် ၇၈၆ ဦးရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေအင်အား ၁၂၅၉ ဦးနှင့် အရန်မီးသတ်အင်အား ၄၆၄ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၃၃ ဦးနှင့် ဒဏ်ရာရရှိသူ ၇၂ ဦးတို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**



ကားနှင့် ကားပေါ်ပါလူများ
မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်

"ကား"တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ

မီးသတ်ဦးစီးဌာန

## လျှပ်စစ်ဓါတ်အားသုံးစွဲမှုသတိပြု

လျှပ်စစ်ဓါတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓါတ်အားပမာဏပိုမိုလွန်ကဲစွာဖြစ်ပေါ်ခြင်း (Over Heating or Over Loading )နှင့် ချို့ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများသုံးစွဲခြင်းမှ အပူနှင့် မီးပွားများဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝါယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက် (Transformer) အတင်အချသတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ (Safe Guard)ချို့ယွင်းပါက အလိုအလျောက် (Auto) ပြတ်မကျသည်ကို သတိပြုပါ၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**

## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၂၄)ကြိမ်မြောက် တရားပွဲ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ၈-၁၀-၂၀၂၃ ရက်နေ့ ၀၈၄၅ အချိန်၌ (၆၂၄)ကြိမ်မြောက် အပတ်စဉ်တရားပွဲအား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တဓမ္မနန္ဒာဘိဝံသ(အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ တောင်ကြီးဆရာတော်)မှ ကြွရောက်၍ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ "**အစောင့်အရှောက်**" တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသားစုစုပေါင်းအင်အား ၉၄ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မ အလှူတော်ငွေများ လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြင်ပ NGOs အဖွဲ့များမှ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်ပေး

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြင်ပ NGOs အဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ဖြစ်သော နယ်စည်းမခြားဆရာဝန်များ MSF(Holland) အဖွဲ့မှ ဒေါက်တာ သက်ပိုင်စံပါ အဖွဲ့ဝင် ၃ ဦးတို့သည် ၅-၁၀-၂၀၂၃ ရက်နေ့တွင် လားရှိုးအကျဉ်းထောင်ရှိ HIV/AIDS ရောဂါသည် အကျဉ်းသား ၉ ဦးအား သွေးဖောက်စစ်ဆေးခြင်း၊ တစ်ဦးချင်းနှစ်သိမ့်ပညာပေးဆွေးနွေးခြင်း၊ ART ဆေးဝါးများပေးအပ်ခြင်းနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်နယ်ကျန်းမာရေးအဖွဲ့များနှင့် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေး



အကျဉ်းဦးစီးဌာန၊ ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ပြည်နယ်ကျန်းမာရေးအဖွဲ့များနှင့် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိရာ မြစ်ကြီးနားအကျဉ်းထောင်သို့ ကချင်ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာ သွယ်သွယ်စိမ်းနှင့်အဖွဲ့ဝင်များသည် ၂၆-၉-၂၀၂၃ ရက်နေ့တွင် အကျဉ်းသား/အချုပ်သား ၁၅၀ ဦးအားလည်းကောင်း၊ ၂၈-၉-၂၀၂၃ ရက်နေ့တွင် အကျဉ်းသား ၁၂၅ ဦးအားလည်းကောင်း၊ ၂၉-၉-၂၀၂၃ ရက်နေ့တွင် အကျဉ်းသူ/အချုပ်သူ ၁၅၂ ဦးအားလည်းကောင်း အဆုတ်(တီဘီ)နှင့် ရင်ခေါင်းဆိုင်ရာ ရောဂါများစမ်းသပ်၊ စစ်ဆေး၊ ကုသခြင်းလုပ်ငန်း (X-Ray Mobile Team Activity)၊ တီဘီရောဂါ သံသယလူနာများ ရှာဖွေဖော်ထုတ်ခြင်း၊ ကုသခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်

အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံအကျဉ်းထောင်သို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရှမ်းပြည်နယ်အရှေ့ပိုင်းခရိုင်၊ ကျိုင်းတုံ(ပြည်နယ်ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အိအိဝင်း ဦးဆောင်သော အဖွဲ့ဝင်များသည် ၂၀-၉-၂၀၂၃ ရက်နေ့တွင် အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ အကျဉ်းထောင် ဆရာဝန်နှင့် သူနာပြုများနှင့်အတူ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ အကျဉ်းသား/သူ၊ အချုပ်သား/သူ ၄၉၇ ဦးတို့အား သွေးဖောက်စစ်ဆေးခြင်းများပြုလုပ်ပေးခဲ့ပြီး **HIV** ပိုးတွေ့ရှိသူများနှင့် ကာလသားရောဂါပိုးတွေ့ရှိသူများအား နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။





## အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်




အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှ လွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စက်တင်ဘာလအတွင်း သာယာဝတီဗဟိုအကျဉ်းထောင်၌ ဆံပင်ညှပ်သင်တန်းအားလည်းကောင်း၊ လားရှိုးအကျဉ်းထောင်၌ စာပေမတတ်မြောက်သူ အကျဉ်းသား/သူများအတွက် "အ"သုံးလုံး သင်တန်းအားလည်းကောင်း ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဆင်ဖြူစာသင်တိုက်သို့ (၁၈၅) ကြိမ်မြောက် လှူဒါန်း

၂၂-၉-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း ဦးဆောင်သည့် ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်ရှိ ဆင်ဖြူစာသင်တိုက်သို့ (၁၈၅) ကြိမ်မြောက် ဝတ္ထုငွေကျပ် ၅၀၀၀၀ိ/-၊ ဆန်(၂၄)ပြည် (၁)အိတ်၊ ဆီ ၅ လီတာ(၁)ပုံးနှင့် ဟင်းသီးဟင်းရွက်တို့အပါအဝင် စုစုပေါင်းတန်ဖိုးငွေ ၃၇၁,၀၀၀ိ/-(ကျပ်သုံးသိန်းခုနှစ်သောင်းတစ်ထောင်တိတိ)တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ဝန်ထမ်းနှင့်မိသားစုဝင်များ စုပေါင်း၍လမ်းခင်း



၁၄-၉-၂၀၂၃ ရက်နေ့မှ ၁၆-၉-၂၀၂၃ ရက်နေ့ထိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးသော်ဝင်ထွန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီးရုံးဝင်းအတွင်းရှိ (၆)ခန်းတွဲ၊ (၂)ထပ်အိမ်ရာများရှေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေများစီးဆင်းနိုင်ခြင်းမရှိသဖြင့် ဝန်ထမ်းနှင့်မိသားစုဝင်များစုပေါင်း၍ လမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အရဏ်ဆွမ်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

၅-၁၀-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးခင်ဇော်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းရှိ စာသင်သံဃာတော်များအတွက် တစ်နေ့တာ အရဏ်ဆွမ်းနှင့် နေ့ဆွမ်း စုစုပေါင်းတန်ဖိုးငွေ ၁၀၀,၀၀၀ိ/-(ကျပ်တစ်သိန်းတိတိ)ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

### စစ်ကိုင်းတိုင်းဒေသကြီး



၅-၁၀-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းနှင့် မိသားစုဝင်များ သက်သာချောင်ချိစေရန် ရည်ရွယ်၍ ဝန်ထမ်းများအား တစ်ဦးလျှင် ငွေ ၁၀,၁၂၅/- နှုန်းဖြင့်ညီမျှသော ဆီ၊ ဆား၊ ကြက်သွန်နီနှင့် ကြက်ဥတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ စုစုပေါင်း ဝန်ထမ်း ၆၃ ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၆၃၇,၈၇၆/-(ကျပ်ခြောက်သိန်းသုံးသောင်းခုနှစ်ထောင် ခြောက်ရာရှစ်ဆယ်ခြောက်)တိတိအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### မန္တလေးတိုင်းဒေသကြီး




၉-၁၀-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးသော်ဝင်ထွန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီးရုံး၊ ရတနာပုံအစည်းအဝေးခန်းမ၌ တိုင်းရုံးရှိ ဝန်ထမ်း(၁၀၆)ဦးနှင့် သန့်ရှင်းရေးဝန်ထမ်း(၅)ဦး၊ စုစုပေါင်းဝန်ထမ်း (၁၁၁)ဦးတို့အား တစ်ဦးလျှင် ဆန်(၁၀)ပြည်နှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### ရန်ကုန်တိုင်းဒေသကြီး




၃-၁၀-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဝန်ထမ်းတစ်ဦးလျှင် ဆန်(၃)ပြည်နှင့်ဆီ(၅၀)ကျပ်သားအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

### တနင်္သာရီတိုင်းဒေသကြီး




၁-၉-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၇၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ တနင်္သာရီတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်သည် တိုင်းဒေသကြီးရုံးရှိ ဝန်ထမ်းများအား တစ်ဦးလျှင် ဆန် (၄)ပြည်ဝင် (၁)အိတ်၊ စားသုံးဆီ(၁)လီတာဝင်(၁)ဘူး၊ ကြက်ဥ(၁၅)လုံးနှင့် ဝန်ထမ်းများကို တူညီဝတ်စုံများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## စုပေါင်းသန့်ရှင်းရေးပြုလုပ်

၉-၉-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်းပါ ဝန်ထမ်း(၂၂)ဦးတို့သည် မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ တောင်ရိုးတန်းလမ်းရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် ပြည်နယ်/ခရိုင်အဆင့် ဆေးရုံများ၏ ပရဝုဏ်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် မြောင်းပိတ်ပေါင်းများ ရှင်းလင်းစေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျန်းမာရေးစရိတ် ထောက်ပံ့ပေးအပ်

၃-၁၀-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီမှ မိသားစုဝင်များသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ "လင်း" မျက်စိအထူးကုဆေးခန်း၌ တက်ရောက်၍ မျက်စိခွဲစိတ်ကုသမှု ခံယူနေသော စုံစမ်းရေးမှူး ဒေါ်ငုဝါထွန်းအား ကျန်းမာရေးစရိတ်အဖြစ် ငွေကျပ် ၅၀,၀၀၀/- (ကျပ်ငါးသောင်းတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၃၅ ကီလိုဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၄-၉-၂၀၂၃ ရက်နေ့ ၀၁၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ငါးတဲစုကျေးရွာအနီး တောလမ်းတွင် ပင်လောင်းဘက်မှ ရမည်းသင်းဘက်သို့ ကိုဖြိုး(ခ)အောင်သူဖြိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် အောင်ကျော်စွာ(ခ)ကျော်စွာ မောင်းနှင်လာသည့် **TOYOTA HILUX SURF** မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ **SURF** မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ငွေကျပ်သိန်း ၇,၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂ သိန်း ဖမ်းဆီးရမိ





မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၄-၉-၂၀၂၃ ရက်နေ့ ၁၈၀၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၊ ခရေပင်ရိပ်မွန်လမ်းတွင် သတင်းအရ ဇော်မင်းထွန်း(ခ)ကိုနေ၊ သန့်ဇင်ဦး၊ ဇော်လွင်၊ ကျင်သိန်း(ခ) မောင်စိုးနှင့် အန်တောနီ တို့(၅)ဦးအား **Saloon** မော်တော်ယာဉ် ၁ စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၂၁၀၀ အချိန်တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိ ဖမ်းမိတရားခံ သန့်ဇင်ဦး နေထိုင်သည့်နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၂ သိန်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၇,၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## သင်တန်းသားဗဟိုပြု သင်ကြားရေးနည်းစနစ်နည်းပြ(မွမ်းမံ)သင်တန်းအမှတ်စဉ်(၃/၂၀၂၃) သင်တန်းဆင်းအခမ်းအနားကျင်းပ





သင်တန်းသားဗဟိုပြု သင်ကြားရေးနည်းစနစ်နည်းပြ(မွမ်းမံ) သင်တန်းအမှတ်စဉ်(၃/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၉-၉-၂၀၂၃ ရက်နေ့ ၁၆၀၀ အချိန်တွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း အစည်းအဝေးခန်းမ(၂)၌ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်းက သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့ပြီး အဆိုပါအခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ တပ်ဖွဲ့ဝင်အရာရှိများ၊ နည်းပြများနှင့် သင်တန်းသားအရာရှိ(၂၀)ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၆,၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၁၇ တုံး၊ အလေးချိန် ၄၀ ဒသမ ၉၅ ကီလို ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၆-၉-၂၀၂၃ ရက်နေ့ ၁၀၀၀ အချိန် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ လိန်းလီကျေးရွာအနီးတွင် ပင်လောင်းဘက်မှ တပ်ကုန်းဘက်သို့ ခွန်တင်ထွန်း(ခ)ခွန်ပေရယ် မောင်းနှင်ပြီး ခွန်စိုးထိုက် လိုက်ပါလာသည့် HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၆,၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၁၇ တုံး၊ အလေးချိန် ၄၀ ဒသမ ၉၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများအား ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၁၈ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅၅ သန်း ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၁-၉-၂၀၂၃ ရက်နေ့ ၀၈၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘို-မြစ်ငယ်ကားလမ်း၊ ထုံးဘိုတိုးဂိတ်အနီးတွင် သီပေါမှ မန္တလေးဘက်သို့ စိုင်းထင်လင်း မောင်းနှင်ပြီး ထိန်ဝင်း လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ပြောင်းဆံအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁၈ ဒသမ ၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခိုင်းသူ ဂေါ်လီ(ခ)ကျော်ကြီး(ခ)ကျော်စိန်မြင့် အပါအဝင် စိုင်းထင်လင်းနှင့်ထိန်ဝင်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် ငွေကျပ်သိန်း ၆,၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ သိန်း ဖမ်းဆီးရမိ





မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၄-၉-၂၀၂၃ ရက်နေ့ ၁၀၃၀ အချိန် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမှတ်(၃)လမ်းဆုံတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် **CROWN** မော်တော်ယာဉ်ရောက်ရှိလာပြီး အဆိုပါယာဉ်အနီးသို့ **BMW** မော်တော်ယာဉ်တစ်စီး ထပ်မံရောက်ရှိလာသဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ မဝတ်မှုန် မောင်းနှင်သည့် **CROWN** မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆,၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ သိန်း ရှာဖွေတွေ့ရှိခဲ့ပြီး လွင်မိုးအောင်မောင်းနှင်သည့် **BMW** မော်တော်ယာဉ်ပေါ်မှ ပိုင်စိုး၊ ငြိမ်းချမ်းကျော်(ခ)ကိုမင်းနှင့် မသူဇာဝင်းတို့အား တွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်ချက်အရ ၄င်းတို့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများပိုင်ဆိုင်သည့် ငွေကြေးအကျိုးအမြတ်နှင့် ပိုင်ဆိုင်မှုများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၈ ဒသမ ၅၁ ကီလို ဖမ်းဆီးရမိ





မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၅-၉-၂၀၂၃ ရက်နေ့ ၁၇၀၀ အချိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် သန်းစိန်(ခ)အားဝေမောင်းနှင်ပြီး အောင်ကျော်ဦး(ခ)အယောင်း လိုက်ပါလာသည့် **Toyota Hilux Revo** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး **(Happy Water)** ၁၄ ဒသမ ၉၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ ယင်းနေ့ ၁၉၃၀အချိန် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ်၊ ဆွတ်ဆိုင်ကျေးရွာတွင် စိုင်းစမ်ငင်း၊ စိုင်းကျန်နှင့် ဆီနွန်းတို့ ၃ ဦးအား မော်တော်ဆိုင်ကယ် ၂ စီး၊ စိတ်ပြောင်းဆေးဝါး**(Happy Water)** ၃ ဒသမ ၆ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး**(Happy Water)** ၁၈ ဒသမ ၅၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၄င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အလားတူလူငယ်များအား အန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါး **(Happy Water)**များ ဖြန့်ဖြူးရောင်းချခြင်းများကို ထိရောက်စွာဟန့်တားနိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ဝ၄၉ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂၅၄ ကီလိုဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀-၉-၂၀၂၃ ရက်နေ့ ဝ၆၀၀ အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျိုင်းတုံမှ တာချီလိတ်ဘက်သို့ စိုင်းမွန်း မောင်းနှင်လာသည့် **LIFAN** မြေသယ်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ဝ၄၉ ဘီလီယံတန်ဖိုးရှိစိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၂၅၄ ကီလိုနှင့် ကတ်တမင်း ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ကျိုင်းတုံမှ တာချီလိတ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၁,၆၈၀ တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၄-၉-၂၀၂၃ ရက်နေ့ ဝ၇၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကွဲတပ်ဆုံကျေးရွာအနီး သာစည်-တောင်ကြီး သွားကားလမ်းတွင် ထွန်းမြင့်ဦးမောင်းနှင်ပြီး ဝေဖြိုးကျော် လိုက်ပါလာသည့် **DONGFENG** ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၁,၆၈၀ တန်ဖိုးရှိ ဓာတုပစ္စည်း **PHENOL LOOSE CRYSTALS** ၂၁ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဓာတုပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီးမှ ရှမ်းပြည်နယ်သို့ တရားမဝင်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တစ်လျှောက်ရှိ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ရဲစခန်းဖုန်းနံပါတ်များ

| ရုံး | မိုင်တိုင် | ရုံး/ရဲစခန်း | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | - | အမြန်လမ်းမကြီးတာဝန်မှူးရုံး | ၀၉၄၂၀၈၈၈၈၀၄ |
| ၂ | ၁၁/၀ | (၃) လမ်းဆုံရဲစခန်း | ၀၉၄၂၀၈၈၈၈၀၅ |
| ၃ | ၃၉/၀ | ဘောနတ်ကြီးရဲစခန်း | ၀၉၄၂၀၈၈၈၈၀၆ |
| ၄ | ၅၈/၁ | ဘောနီရဲစခန်း | ၀၉၄၂၀၈၈၈၈၁၈ |
| ၅ | ၇၂/၀ | အုတ်ရှစ်ကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၀၇ |
| ၆ | ၈၃/၂ | မြို့ချောင်းရဲစခန်း | ၀၉၄၂၀၈၈၈၈၀၉ |
| ၇ | ၁၁၅/၀ | ဖြူးရဲစခန်း | ၀၉၄၂၀၈၈၈၈၁၀ |
| ၈ | ၁၃၇/၆ | ဖောဓိကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၁၁ |
| ၉ | ၁၄၆/၄ | ဇီးပင်သာရဲစခန်း | ၀၉၄၂၀၈၈၈၈၁၃ |
| ၁၀ | ၁၇၂/၆ | သာဂရရဲစခန်း | ၀၉၄၂၀၈၈၈၈၁၂ |
| ၁၁ | ၂၀၁/၁ | ပလွေးရဲစခန်း | ၀၉၄၂၀၈၈၈၈၀၈ |
| ၁၂ | ၂၂၀/၃ | ပန်းတင်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၄ |
| ၁၃ | ၂၃၃/၇ | ဘုရားတောင်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၅ |
| ၁၄ | ၂၆၂/၃ | ပေပင်လေးရဲစခန်း | ၀၉၄၂၀၈၈၈၈၁၆ |
| ၁၅ | ၂၈၄/၄ | သီးကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၁၇ |
| ၁၆ | ၃၂၅/၄ | ပြင်စည်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၉ |
| ၁၇ | ၃၅၂/၂ | စကားအင်းရဲစခန်း | ၀၉၄၂၀၈၈၈၈၂၀ |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်...မှ

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းက ညှိခံတီးလုံးတေးဂီတဖြင့် ဖျော်ဖြေပြီး ရဲတပ်ဖွဲ့အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီးက ဂုဏ်ပြုပန်းခြင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားများတက်ရောက်...မှ

ရှေးဦးစွာ **နမောတဿ** (၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်အရှင်သူမြတ်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာကြားခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှဝေပြီး အနုမောဒနာတရား နာကြား၍ **ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု** (၃)ကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားရုပ်သိမ်းပြီး ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃) မင်္ဂလာကန်တော်တွင် ကျင်းပပြုလုပ်သည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို



ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်းငါးမျိုးစိတ် ငါးသားပေါက်ကောင်ရေ (၁၀၀၀၀)အား ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Jiangsu ပြည်နယ်၊ Lianyungang မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုညီလာခံ(၂၀၂၃)(Lianyungang ဖိုရမ်)သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်...မှ

ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

၂၀-၉-၂၀၂၃ ရက်နေ့ ၁၇၀၀ အချိန်မှ ၁၇၃၀ အချိန်ထိ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအကြီးအကဲ **Mr.Xu Ganlu** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ **Jinlin Haizhou Bayview Conference Center** ရှိ **Bilateral Call Room** ၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၃-၉-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် ကွမ်တုန်းပြည်နယ်၊ ကွမ်ကျိုးမြို့၊ ပိုင့်ယွန်ခရိုင်၊ ဝင့်ရှန်ကျူအန်လမ်းရှိ ကွမ်တုန်းရဲကောလိပ်သို့ သွားရောက်လေ့လာခဲ့ကြပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ကွမ်တုန်းရဲကောလိပ် ဒုတိယကျောင်းအုပ်ကြီး **Mr.Zhang Cheng** နှင့်အဖွဲ့က ကြိုဆိုခဲ့ကြပြီး ကျောင်းရုံးရှိ အစည်းအဝေးခန်းမ၌ ကွမ်တုန်းရဲကောလိပ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းနောက် မော်တော်ယာဉ်မတော်တဆမှုမှ အီလက်ထရောနစ်သက်သေခံပစ္စည်းများ စုံစမ်းဖော်ထုတ်ခြင်းနှင့် အခင်းဖြစ်ရပ် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ သုတေသနဌာန(**Vehicle Electronic Evidence Investigation and Accident Reconstruction Laboratory**) နှင့် ၂၅ မီတာ၊ ၅၀ မီတာသေနတ်ပစ်လေ့ကျင့်ရေးကွင်းသို့ သွားရောက်လေ့လာခြင်း၊ ရထားဘူတာရုံအတွင်း ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုအား ဖြေရှင်းဆောင်ရွက်သည့် လက်တွေ့သရုပ်ပြမှုအား ကြည့်ရှုအားပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်တုန်းပြည်နယ်၊ ကွမ်ကျိုးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ၂၄-၉-၂၀၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှင့်ဇနီး (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းပွဲအား ကြည့်ရှုအားပေး

၁-၁၀-၂၀၂၃ ရက်နေ့တွင်ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြပါသည်။

ဂုဏ်ပြုသွေးလှူဒါန်းခြင်းများအား ၂၈-၉-၂၀၂၃ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၂၄၈ ဦးတို့က တစ်ချိန်တည်း ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြပါသည်။





အဆိုပါ ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည့် သွေးလှူရှင် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီး၊ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ၂၉-၉-၂၀၂၃ ရက်နေ့တွင်လည်း နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း (၁၇၃)ဦးတို့က ဂုဏ်ပြု သွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရဟတ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားများတက်ရောက်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရဟတ်ဆွမ်း ဆပ်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ၃၀-၉-၂၀၂၃ ရက်နေ့ နံနက်ပိုင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။ **စာမျက်နှာ(၁၉)သို့**